စိတ်ကူးချိုချိုအနုပညာ

# နေ့စဉ်အသုံးချအင်္ဂလိပ်စာ


စာသင်ဆရာတစ်ဦး

# EVERYDAY ENGLISH

by Michelle Finlay

mgyoe.com

mgyoe.com



ဘာသာစကားတစ်ခု၏
အခြေခံသဘောတရားများကို
နေ့စဉ် လေ့ကျင့်အသုံးပြုရာမှ တစ်ဆင့်
မိမိတို့၏ ဘာသာစကားအရည်အသွေးကို
မြှင့်တင် ကျွမ်းကျင် သွားစေရန် ရည်ရွယ်လျက်
သရုပ်ဖော်ပုံများစွာဖြင့်
ရှင်းလင်း တင်ပြထားပါသည်။

mgyoe.com

llt0032

1800.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

၈၀၈·၈၃

နေ့စဉ်အသုံးချအင်္ဂလိပ်စာ
စာသင်ဆရာတစ်ဦး - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၁၃၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) နေ့စဉ်အသုံးချအင်္ဂလိပ်စာ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နေ့စဉ်အသုံးချအင်္ဂလိပ်စာ

# EVERYDAY ENGLISH

Michelle Finlay

## စာသင်ဆရာတစ်ဦး

မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

**The Nuts and Bolts, or Parts of Speech**
အင်္ဂလိပ်သဒ္ဒါ၏ အောက်ခြေသိမ်းသိမှတ်စရာနှင့် ဝါစင်္ဂများ ၁

- Nouns: Naming Words
  နာမ်များ– စကားလုံးများအား အမည်ပေးခြင်း ၁
- Verbs: Doing Words (or) action Words
  ကြိယာများ– စကားလုံးများတည်ဆောက်ခြင်း (သို့)
  ပြုမူဆောင်ရွက်ချက်ပါသော (သို့) ဖြစ်ပျက်ပုံဇာတ်ကြောင်း
  အစုံအလင်ကို ဖော်ပြသော စကားလုံးများ ၁၁
- Adjectives and Adverbs: Describing Words
  နာမဝိသေသနနှင့် ကြိယာဝိသေသန–
  စကားလုံးများအား အဓိပ္ပာယ်လေးနက်အောင် ဖွင့်ဆိုခြင်း ၂၆
- Pronouns : His and Hers
  နာမ်စားများ– သူ၏– သူမ၏ ၄၂
- Little Parts of Speech... All the Rest ၄၇

mgyoe.com

mgyoe.com

## Making Sense of Sentences

ဝါကျများ၏ အခြေခံသဘောအား နားလည်ခြင်း ၅၄
- Mood (ကြိယာ၏ လှုပ်ရှား–ပြုမှုပုံစနစ်အမျိုးမျိုး) ၅၇
- Active and Passive :
  Do As You Would Be Done By ၅၉
- Simple, Complex and Compund Sentences ၆၀
- Clauses and Phrases (ဝါကျကဏ္ဍနှင့် ကြိယာမဲ့ပုဒ်စု) ၆၃
- The Seven Stages of Sentences
  ဝါကျနှင့်ပတ်သက်သောအဆင့် ၇ ဆင့် ၆၄

## Punctuation Matters

ပုဒ်ဖြတ်-ပုဒ်ရပ်ဆိုင်ရာ သိကောင်းစရာများ ၆၇
- The full stop or full point ၆၈
- The Comma : Pause for Thought
  ပုဒ်ရပ်သင်္ကေတ (စိတ်ကူး စဉ်းစားရန် ခေတ္တရပ်နားခြင်း) ၆၉
- The Colon and Semicolon ၇၇
- Question ? Exclamation! (မေးခွန်း၊ အာမေဍိတ်) ၇၈
  The Apostrophe : Possession is Nine -
  Tenths of the Law ၈၀
- Speech Marks and Inverted Commas
  ပြောစကားအမှတ်လက္ခဏာနှင့် အဖွင့်အပိတ်ကော်မာများ ၈၃
- Brackets : Separate Measures
  ကွင်းများ – အတိုင်းအတာများအား ခွဲခြားပြသခြင်း ၈၅
- Hyphens : Join and Divide
  ဆက်ခြင်းနှင့် ခွဲခြားခြင်း ၈၆
- The Dash : Drawing the Line (မျဉ်းတိုဆွဲခြင်း) ၈၉

mgyoe.com

mgyoe.com

**Spelling It Out** (စာလုံးပေါင်းဆိုခြင်း) ၉၁

- Some Basic Spelling Rules
  စာလုံးပေါင်းဖတ်ရန် အခြေခံစည်းမျဉ်းများ ၉၂
- The Homonym Family ၉၅
- Tips for Accurate Spelling
  စာလုံးပေါင်းများအား ကျက်မှတ်ရာ၌
  မှတ်ဉာဏ်အတွက် အထောက်အကူပြုစေသောနည်းလမ်း ၁၀၀

**Perfect Pronunciation** ၁၀၆

- How the Letters are Pronounced:
  အက္ခရာစာလုံးများအား အသံထွက်ပုံအတွက် လမ်းညွှန်ချက် ၁၀၇
- Silent Letters (အသံဖျောက်ဖတ်ရမည့် အက္ခရာများ) ၁၁၁
- C နှင့် G တို့၏ 'အပျော့သံ' နှင့် 'အမာသံ'များ ၁၁၂
- Reducing the Stress (အသံဖိရွတ်ခြင်းမှ လျှော့ချခြင်း) ၁၁၆

**Correspondence Course**
စာပေးစာယူသင်ခန်းစာ ၁၁၉

- စကားပြောကောင်းသူ ရေးသားသော e-mails ၁၁၉
- Lively Letters ၁၂၀
- Judicious Job Applications
  အမြော်အမြင်ရှိသော အလုပ်လျှောက်လွှာပုံစံ ၁၂၅

**Communicating with Style**
အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုဆက်သွယ်သောပုံစံ ၁၂၇

- Pitfalls to Avoid
  အမှားနည်းရန်အတွက် ရှောင်ကြဉ်စရာများ ၁၂၉
- Good English ဖြစ်ရန်အတွက် ရွှေရောင်စည်းမျဉ်း ၇ မျိုး ၁၃၄

◆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# *The Nuts and Bolts, or Parts of Speech*

# အင်္ဂလိပ်သဒ္ဒါ၏ အောက်ခြေသိမ်း သိမှတ်စရာနှင့် ဝါစင်္ဂများ

## Nouns: Naming Words

### နာမ်များ– စကားလုံးများအား အမည်ပေးခြင်း

ကျွန်ုပ်တို့ကျောင်းတွင် သင်ကြားသိရှိခဲ့ရသော Noun (နာမ်) သည် အရာဝတ္ထုများ၊ လူများ၊ နေရာများ၊ ဓာတုဗေဒပစ္စည်းအမည်များ၊ ဂီတစိတ်ကူးတွေးခေါ်ပုံ၊ စိတ်ခံစားမှုများ... အား အမည်အမျိုးမျိုးပေး၍ အမျိုးအစားခွဲခြားသည့် Nouns (နာမ်များ)ပင်ဖြစ်သည်။

ဝါကျတွင် **Noun** သည်ရှေ့ဆုံးမှလာတတ်ပြီး ၎င်းနောက်မှ **Verbs** (ကြိယာများ) အနည်းငယ်လိုက်လေ့ရှိသည်။

**Noun** ကို အဓိကအားဖြင့် အမျိုးအစားနှစ်မျိုး ခွဲခြားနိုင်သည်။ **Proper nouns** (တစ်ဦးဆိုင်နာမ်)နှင့် **common nouns** (အများဆိုင်နာမ်) ဟူ၍ဖြစ်သည်။

**common nouns (အများဆိုင်နာမ်)**

**Planet** (ဂြိုဟ်)သည် ယေဘုယျအားဖြင့် **common nouns** ဖြစ်သော်လည်း **Jupiter** (ကြာသပတေးဂြိုဟ်)သည် အမည်နာမ သီးခြားရှိနေသည့် **Proper nouns** (တစ်ဦးဆိုင်နာမ်)ဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

mgyoe.com

mgyoe.com 

**Proper nouns** (တစ်ဦးဆိုင်နာမ်)များသည် လူများ၊ နေရာများ၊ ခေါင်းစဉ်၊ အကြောင်းအရာ၊ ဘွဲ့ထူး၊ ဂုဏ်ထူးတို့အား ရည်ညွှန်းဖော်ပြလေ့ရှိသည်။ **Proper nouns** များကို အက္ခရာစဉ် စာလုံးအကြီးဖြင့် စတင်ရေးလေ့ရှိပြီး ၎င်းစကားလုံး (ဝေါဟာရ)များက သီးခြားရပ်တည်နိုင်ကြသည်။ **Proper nouns** ဖြစ်သည့် စကားလုံးများ သီးခြားရပ်တည်သည်ဆိုရာ၌ **'a', 'an', 'the'** စသည့် **Article** ခေါ် တိကျအညွှန်းစကားလုံးများ မပါဝင်ဘဲ ရပ်တည်နိုင်ခြင်းကို ဆိုလိုသည်။

Proper nouns ဖြစ်သော ဥပမာများမှာ **John** (ဂျွန်)၊ **Paris** (ပါရီ)၊ **Mr.s Jones** (မစ္စဂျုန်း)၊ **Jupiter** (ကြာသပတေးဂြိုဟ်)တို့ဖြစ်သည်။ အကယ်၍ သင်သည် တစ်စုံတစ်ယောက်အား သင့်မိခင်အကြောင်းပြောပြမည်ဆိုပါက 'မိခင်' ဖြစ်သူအား 'My Mother' ဟူ၍သာ ဖော်ပြရမည်ဖြစ်သည်။ သင်၏မိခင်သည် အများနှင့်မတူသော သီးခြားအမည်ပိုင်ရှင်ဖြစ်သော်လည်း 'My Mother' ဟူ၍သုံးရခြင်းကြောင့် **'Common noun'** တစ်ခုပင်ဖြစ်သည်။

တခြားမှတ်သားဖွယ် **Proper noun** များမှာ သမိုင်းဝင် ကာလအပိုင်းအခြားနှင့်အဖြစ်အပျက်များ (The Stone Age- ကျောက်ခေတ်) (The First World War- ပထမကမ္ဘာစစ်)၊ (Hurricane charlie- ချာလီ အမည်ရှိ ဟာရီကိန်းမုန်တိုင်း)၊ (The South of France- ပြင်သစ်နိုင်ငံ တောင်ပိုင်း)တို့ပင်ဖြစ်သည်။

## Proper Plurals

***Proper nouns*** *များသည် အမြဲတစေ အများကိန်းပုံစံ (ဗဟုဝုစ်) အား မရည်ညွှန်းတတ်ပေ။ အကယ်၍ သင့်တွင် 'Emma' ဟုခေါ်သော အမည်တူသူငယ်ချင်းသုံးယောက် ရှိသည်ဆိုပါက သင်က ၎င်းတို့အား the (three) Emma ဟူ၍ ရည်ညွှန်းခေါ်ဆိုရမည်ဖြစ်သည်။*


***Proper nouns*** *များဖြင့် ရေးသားပြောဆိုရာ၌ "I saw the Monests in the Louvre" (Monests ကို Lou-*

mgyoe.com

m gyoe.com

vre မှာ ကျွန်တော် မြင်လိုက်တယ်။ (သို့) ကျွန်တော် တွေ့ခဲ့တယ်) ဟု ပြောဆိုနိုင်–ရေးသားနိုင်သော်လည်း ၎င်းပုဂ္ဂိုလ်နှင့် ၎င်းပုဂ္ဂိုလ်၏ မိသားစုအကြောင်းမပြောဆိုဘဲ သူ၏ ပန်းချီဆွဲခြင်းအကြောင်း၊ ဂီတပညာအကြောင်းကိုသာ ရေးသားပြောဆိုရမည်ဖြစ်သည်။

ဥပမာ– *Have you read any of the P.D. James I lent you?* ကျွန်တော် ခင်ဗျားကို ငှားလိုက်တဲ့ 'P.D. James' ရဲ့ စာအုပ်(တစ်အုပ်အုပ်)ကို ခင်ဗျားဖတ်ပြီးပြီလား? ဤဝါကျတွင် P.D. James ၏ စာအုပ်ဖြစ်ကြောင်း ရည်ညွှန်းနေသောကြောင့် 'Proper noun' ဟု သတ်မှတ်ရမည်ဖြစ်သည်။



## Singular and Plural

**အနည်းနှင့်အများ**

**Proper nouns** နှင့်မတူသော common nouns များအား အများကိန်းအဖြစ်သို့ ပြောင်းလဲရာ၌ (သာမန်အားဖြင့်) စကားလုံး၏အဆုံး၌ **"S"** ပေါင်းထည့်ပေးနိုင်သည်။

mgyoe.com

mgyoe.com

ဥပမာ–

book (စာအုပ်)အား – books (စာအုပ်များ)
**(Singular)** **(Plural)**
computer (ကွန်ပျူတာ)အား–computers (ကွန်ပျူတာများ)
table(စားပွဲ)အား – tables (စားပွဲများ) ဟူ၍
စကားလုံး နောက်ဆုံးမှ **'S'** ထည့်ပေးနိုင်သည်။

အကယ်၍ **'Noun'** သည် **'y'** နှင့် အဆုံးသတ်ထားပါက ၎င်း အဆုံးသတ်အက္ခရာအားဖြုတ်၍ 'ies' ပေါင်းပေးရသည်။

ဥပမာ–

| **Singular** | **Plural** |
|---|---|
| baby (မွေးစကလေး) | babies (မွေးစကလေးများ) |
| dictionary (အဘိဓာန်) | dictionaries (အဘိဓာန်များ) |
| fairy (နတ်သမီး) | fairies (နတ်သမီးများ) |

အကယ်၍ **'Noun'** သည် vowel (သရ) တစ်လုံး၏နောက် **'y'** ဖြင့် အဆုံးသတ်ထားပါက (**'y'** ရှေ့တွင် သရတစ်လုံးလုံးရှိနေပါက **'y'** ၏ နောက် **'s'** ပေါင်းထည့်ပေးရမည်ဖြစ်သည်။

ဥပမာ–

| **Singular** | **Plural** |
|---|---|
| play (ပြဇာတ်–ဇာတ်လမ်း) | plays (ပြဇာတ် ဇာတ်လမ်းများ) |
| key (သော့) | keys (သော့များ) |
| donkey (မြည်း) | donkeys (မြည်းများ) |

Noun သည် **'s'**၊ **'sh'**၊ **'ch'** တို့ဖြင့် အဆုံးသတ်ထားပါက ၎င်း၏နောက်မှ **'es'** ထည့်ပေးရသည်။

ဥပမာ–

| **Singular** | **Plural** |
|---|---|
| class (စာသင်ခန်း) | classes (စာသင်ခန်းများ) |

mgyoe.com

latch (တံခါးဂျက်) latches (တံခါးဂျက်များ)
waltz (စုံတွဲအက) waltzes (စုံတွဲအကများ)

တချို့သော Noun များသည် **'f'** (or) **'fe'** ဖြင့် အဆုံးသတ်ထားပါက **'f'** နေရာတွင် **'v'** ပြောင်းထည့်ပြီး **'es'** ပေါင်းပေးရသည်။ ထိုအခါ

calf (နွားကလေး) calves (နွားကလေးများ)
knife (ဓား) knives (ဓားများ)
loaf (ပေါင်မုန့်လုံး) loaves (ပေါင်မုန့်လုံးများ) ဟူ၍

Singular မှ Plural ဖြစ်လာပါသည်။

သို့သော် တချို့သော Noun များသည် **'f'** (သို့) **'fe'** ဖြင့် အဆုံးသတ်ထားသော်လည်း **'s'** ပေါင်းပေးရတတ်သည်။

ထိုအခါ

| **Singular** | **Plural** |
|---|---|
| chief (ခေါင်းဆောင်အကြီးအကဲ) | chiefs (ခေါင်းဆောင်အကြီးအကဲများ) |
| cliff (ချောက်ကမ်းပါး) | cliffs (ချောက်ကမ်းပါးများ) |
| roof (ခေါင်မိုး) | roofs (ခေါင်မိုးများ) |

**Singular** မှ **Plural** သို့ပြောင်းရာ၌ အထူးသတိပြုစရာအချက်မှာ Noun အား မှန်ကန်စွာ ပြောင်းပေးခြင်းပင်ဖြစ်သည်။

ဥပမာ–

mother-in-Law အား Plural ပြောင်းရာ၌

mothers-in-Law ဟူ၍ mother ဆိုသည့် Noun အား Pluarl အဖြစ် 's' ပေါင်းပေးရန်ဖြစ်သည်။ ၎င်းကို mother-in-Laws ဟူ၍ မှားယွင်းစွာ မရေးရပါ။

**mother-in-law** (ယောက္ခမ)ဟူသည် **'Noun'** တွင်

mgyoe.com

**'mother'** သည် **Noun** ဖြစ်ပြီး **'in-law'** သည် **Noun** ၏ ပြောင်းလဲ၍မရနိုင်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

အလားတူ **man-at-arms** (လက်နက်ကိုင်ဆောင်ထားသူ) ဆိုသည့် Noun တွင် **'man'** သည် **'Noun'** ဖြစ်ပြီး **'at-arms'** သည် Noun ၏ ပြောင်းလဲ၍မရနိုင်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ၎င်းအား Plural ပြောင်းပါက 'man' (Noun) ၏ အများကိန်းဖြစ်သည့် 'men နှင့် at-arms' တွဲရေးရုံသာဖြစ်သည်။

ထိုအခါ **'man-at-arms'** ၏ အများကိန်း 'men-at-arms' ဖြစ်လာပါမည်။

တချို့သော Noun များအား **Singular** နှင့် Plural ကွဲပြားခြင်း မရှိသည့်ပုံစံဖြင့် (တစ်ပုံစံတည်းအတူတူ) တွေ့ရတတ်သည်။

ဥပမာ–

| | |
|---|---|
| deer (သမင်) | - deer (သမင်များ) |
| fish (ငါး) | - fish (ငါးများ) |
| jeans (ဂျင်းဘောင်းဘီ) | - jeans (ဂျင်းဘောင်းဘီများ) |
| scissors (ကတ်ကြေး) | - scissors (ကတ်ကြေးများ) |
| sheep (သိုး) | - sheep (သိုးများ) |
| wheat (ဂျုံ) | - wheat (ဂျုံများ) |

အကယ်၍ fish အများကိန်း (Plural) အဖြစ် **es** ပေါင်းသောကြောင့် **'fishes'** (Plural) သည် ငါးမျိုးစိတ်များစွာအား ဆိုလိုကြောင်း သတိပြုရမည်ဖြစ်သည်။

တခြားသော Noun အုပ်စုတစ်ခုမှာ အနည်းကိန်းအဖြစ်(သို့) အများကိန်းအဖြစ် တိကျစွာ ရေတွက်၍မရနိုင်သည့် Noun အုပ်စုပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ကိန်းဂဏန်းများဖြင့် တွက်ချက်တိုင်းတာ၍မရနိုင်သည့် Noun များပင်ဖြစ်သည်။

ဥပမာ–

Water (ရေ)

evidence (သက်သေအထောက်အထား)

mgyoe.com

happine:s (ပျော်ရွှင်ခြင်း)
rice (ဆန်-ထမင်း)
တစ်ဖန် ပမာဏကိုဖော်ပြသော Noun များလည်းရှိသေးသည်။ ၎င်းတို့မှာ

much - များများ၊ အများကြီး
some - တချို့
a lot of - အတော်များများ
a cupful - ခွက်အပြည့်

## Abstract Noun (စိတ္တဇနာမ်)လား?
## (သို့) concrete Noun (အာရုံ ၅ ပါးနှင့် ထိတွေ့နိုင်သောနာမ်)လား?

*Noun* များအား လေ့လာရာ၌ အာရုံ ၅ ပါးနှင့် ထိတွေ့နိုင်ခြင်း မရှိသည့် 'စိတ္တဇနာမ်' နှင့် 'အာရုံ ၅ ပါးနှင့် တိုက်ရိုက်ထိတွေ့ ခံစားနိုင်သည့်နာမ်' တို့အား ခွဲခွဲခြားခြား နားလည်ထားရမည် ဖြစ်သည်။

'အာရုံ ၅ ပါးနှင့် ထိတွေ့ခံစားနိုင်သည့်'(သို့) အကောင် အထည်အလိုက် ပုံဖော်နိုင်သည့် *Noun* များမှာ-

*tree* = သစ်ပင်
*elephant* = ဆင်
*cake* = ကိတ်မုန့်
*books* = စာအုပ်များ... တို့ဖြစ်သည်။

အဆိုပါ '**concrete Noun**' များအား မြင်ခြင်း၊ ထိတွေ့ခြင်း၊ ခံစားခြင်း၊ ကြားခြင်း၊ အနံ့ရခြင်းဆိုသော အာရုံ ၅ ပါးဖြင့် သိရှိဖော်ပြနိုင်သည်။

အာရုံ ၅ ပါးနှင့် ထိတွေ့မခံစားနိုင်သည့် '**Abstract Noun**' (စိတ္တဇနာမ်)များမှာ-

*tomorrow*- မနက်ဖြန်

mgyoe.com

*thought* - အတွေး–စိတ်ကူး–ထင်မြင်ချက်
*welfare* - ကောင်းကျိုးချမ်းသာ
*delight* - သာယာကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်း
*belief* - ယုံကြည်မှု–ယုံကြည်ချက်

စိတ္တဇနာမ်များသည် ရေတွက်၍မရနိုင်သောနာမ်များ ဖြစ်သည်။
**concrets Noun** များအနေဖြင့် ရေတွက်ရနိုင်သော နာမ်နှင့် ရေတွက်မရနိုင်သော နာမ်ဟူ၍ ကွဲပြားသွားသည်။

ဥပမာ– *some rice* (ရေတွက်မရနိုင်သောနာမ်)
*three kittens* (ရေတွက်ရနိုင်သောနာမ်)...
တို့ဖြစ်သည်။

## Foreign Plurals
### နိုင်ငံခြားဘာသာစကားမှ အများကိန်းများ

| ***Sinular*** (အနည်းကိန်း) | ***Plural*** (အများကိန်း) | ***origin*** (မူလအစ) |
|---|---|---|
| *alga* | *algae* | *Latin* |
| *automaton* | *automata* | *Greek* |
| *criterion* | *criteria* | *Greek* |
| *gâteau* | *gâteaux* | *French* |
| *index* | *indexes/indices* | *Latin* |
| *kibbutz* | *kibbutzim/kibbutzes* | *Hebrew* |
| *phenomenon* | *phenomena* | *Greek* |
| *stimulus* | *stimuli/stimuluses* | *Latin* |

mgyoe.com

mgyoe.com

# Irregular Nouns

**ပုံမှန်မဟုတ်သောနာမ်များ**

Plurals (အများကိန်း)များအား လေ့လာဆွေးနွေးရာ၌ ပုံမှန်မဟုတ်သောနာမ်များ (Irregular Nouns) မပါလျှင် မပြီးမြောက်ပေ။

Irregular Nouns များအား အများကိန်းပြောင်းရာ၌ အောက်ပါအတိုင်း တွေ့ရှိရသည်။

| **Singular** (အနည်း) | | **Plural** (အများ) | |
|---|---|---|---|
| child | - ကလေး | children | - ကလေးများ |
| foot | - ခြေထောက် | feet | - ခြေထောက်များ |
| goose | - ဘဲငန်း | geese | - ဘဲငန်းများ |
| man/woman | - အမျိုးသား/ အမျိုးသမီး | men/women | - အမျိုးသား/ အမျိုးသမီးများ |
| mouse | - ကြွက် | mice | - ကြွက်များ |
| tooth | - သွား | teeth | - သွားများ |

**'hair'** (ဆံပင်)ဟူသည့် **Noun** နှင့်ပတ်သက်သော သတိပြုစရာအချက်မှာ **singular** အဖြစ်သုံးရာ၌ 'a glorious head of **hair** (အသရေတင့်သော ဦးခေါင်းမှဆံပင်)... ဟု ရည်ညွှန်းရေးသားနိုင်ပြီး **အရေအတွက်ဖြင့်** ရေးသားဖော်ပြလိုပါက 'my grandfather has a few grey hairs now'. (အခု ငါ့အဘိုးမှာ ဆံပင်ဖြူနည်းနည်းရှိတယ်)... ဟူ၍ hair အား **s** ပေါင်းကာ **hairs (Plural)** ဟူ၍ ရေးသားရမည်ဖြစ်သည်။



mgyoe.com

mgyoe.com


# A Last word on Nouns

## Noun နှင့်ပတ်သက်သော နောက်ဆုံး ဆုံးဖြတ်ချက်

တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် Noun အား Adjective (နာမဝိသေသန)အဖြစ်သို့ပြောင်း၍လည်းကောင်း၊ Adjective အား နောက်တစ်ဖန် Noun ဖြစ်အောင် ပြောင်းလဲလုပ်ပေးတတ်ကြသည်။

ဥပမာ–

**mist** (မြူခိုး)အား **Adj:** အဖြစ်ပြောင်းလဲပါက

**misty** (မြူဖုံးလွှမ်းသော)...ဟူ၍ ဖြစ်လာမည်။

တစ်ဖန် ၎င်း Adj:- misty အား Noun အဖြစ် ပြောင်းလဲပါက **'mistiness'** (မြူဖုံးလွှမ်းခြင်း) ဟူ၍ဖြစ်လာပါမည်။

ဥပမာဝါကျများ–

From time to time this is accompanied by fogginess in higher regions.

တောင်ပေါ်ဒေသတွေမှာ ရံဖန်ရံခါ နှင်းတွေနဲ့ ပိတ်မှောင်နေတတ်ဂယ်။

Wait for outbreaks of sunniness

နေသာမှာကို စောင့်ပါ။

snowiness after dark

မှောင်ပြီးတဲ့နောက် ထူထဲစွာကျလာသည့် နှင်းများ။




mgyoe.com

mgyoe.com

# Verbs: Doing Words (or) action Words

ကြိယာများ– စကားလုံးများတည်ဆောက်ခြင်း (သို့)
ပြုမူဆောင်ရွက်ချက်ပါသော (သို့)
ဖြစ်ပျက်ပုံဇာတ်ကြောင်း အစုံအလင်ကို
ဖော်ပြသော စကားလုံးများ

verb များသည် တစ်စုံတစ်ဦး (သို့) တစ်စုံတစ်ရာက ဘာလုပ်သည် ဆိုသည်ကို အတိအကျဖော်ပြပေးနိုင်ကြသည်။

**verb** (ကြိယာ)များသည် ဝါစင်္ဂများအနက် အရှုပ်အထွေးဆုံးသော အပိုင်းကဏ္ဍမှ ပါဝင်နေကြသည်။

verb များသည် **action** (ပြုမူဆောင်ရွက်မှု)၊ 'ပြုမူဆောင်ရွက်မှုလုပ်သောနေရာ (သို့) အဖြစ်အပျက်တစ်ခု စတင်ရာနေရာ'၊ 'ပြုမူဆောင်ရွက်မှုများအား မည်သူက ပြုလုပ်သည်... ဆိုသည်တို့အား တိကျစွာ အဖြေပေးနိုင်ကြသည်။

## The tenses: Verb Behaviour

verb (ကြိယာ)၏ကာလအား ဖော်ပြသောပုံသဏ္ဍာန်များ — အပြုအမူနှင့်သက်ဆိုင်သော ကြိယာပုံစံ

ပြုမူလှုပ်ရှားမှုနှင့်သက်ဆိုင်သော **verb** များအား **infinitive** ဖြင့် ဖော်ပြရသည်။ **infinitive (ကြိယာပုဒ်တစ်ခု၏အခြေခံပုံစံ)** ဆိုသည်မှာ သက်ဆိုင်ရာကြိယာ (verb) သက်သက်အား 'to' ဖြင့် တွဲ၍လည်းကောင်း၊ 'to' မပါဘဲ သီးခြား verb ပုံစံသက်သက်ဖြင့်လည်းကောင်း ဖော်ပြနိုင်သည့် verb ပုံစံတစ်မျိုးပင်ဖြစ်သည်။

ဥပမာ–

**'read'** ဟူသည့် **(verb)** အား– **'to'** မပါဘဲ သုံးပါက

He can **read** – သူ စာဖတ်နိုင်တယ်။

အကယ်၍ **'to'** ဖြင့်တွဲသုံးပါက

He likes **to read** - သူ စာဖတ်ရတာကို ကြိုက်တယ်။

mgyoe.com

mgyoe.com

အင်္ဂလိပ်ဘာသာစကားတွင် **'to'** ပါသော **Infinitive** ကို သုံးပါက **verb** ရှေ့တွင် **to** ကို ထားရှိရသည်။

ဥပမာ–

to **be**, to **go...** တို့ဖြစ်သည်။

verb verb

to နှင့်တွဲသော Infinitive verb အား Adv ထည့်လိုပါက **to** နှင့် **infinitive** ကြား ထည့်ပေးနိုင်သည်။

ဥပမာ– **to boldly go...** ဟူ၍ဖြစ်သည်။

(Adv)

**tense** (**Verb** ၏ ကာလများအား ဖော်ပြသောပုံသဏ္ဌာန်)

tense သည် အတိတ်–ပစ္စုပ္ပန်–အနာဂတ် ဟူသော ကာလ ၃ ခုရှိ 'verb' ၏ လှုပ်ရှားဆောင်ရွက်မှုများအား ဖော်ပြသည်။

**person** (verb အား လှုပ်ရှားဆောင်ရွက်မှုဖြစ်စေသည့် ပုဂ္ဂိုလ်)

person အား အနည်းကိန်း (singular) အတွက် ၃ မျိုး၊ အများကိန်း (plural) အတွက် ၃ မျိုး... ခွဲခြားထားသည်။

ထိုအခါ အနည်းကိန်း (singular) အတွက်

First person singular - (I) ကျွန်ုပ်

Second person singular - (you/thou) သင်/အနည်း

third person singular - (he/ she/it) သူ/သူမ/ထိုဟာ

အများကိန်း (Pluarl) အတွက်

First person plural - (we) ကျွန်ုပ်တို့

second person plural - (you plural) သင် အများ

third person plural - (they) သူတို့

**verb** သည် **person, time** တို့နှင့်ဆက်စပ်လျက် အပြောင်းအလဲ ရှိတတ်သလို အဓိပ္ပာယ်အမျိုးမျိုးလည်း ကွဲပြားသွားတတ်သည်။

ဥပမာ–

I walk - ကျွန်ုပ် လမ်းလျှောက်တယ်။

mgyoe.com

mgyoe.com

I walked - ကျွန်ုပ် လမ်းလျှောက်ခဲ့တယ်။

He walks - သူ လမ်းလျှောက်တယ်။

He walked - သူ လမ်းလျှောက်ခဲ့တယ်။

ထိုကဲ့သို့ အချိန်ကာလနှင့် လူပုဂ္ဂိုလ်တို့အပေါ်မူတည်၍ ဖြစ်ပေါ်လာသော verb အပြောင်းအလဲအား ကြိယာပုံစံပြောင်းလဲပုံစနစ် **conjugation** ဟုခေါ်သည်။ တစ်ဖန် walk, walks/walked... ဟူသော verb ပုံစံ ၃ မျိုးအား **'inflection'** ဟုခေါ်သည်။

**tense** သည် အတိတ် **(past)**၊ ပစ္စုပ္ပန် **(present)**၊ အနာဂတ် **(future)** ဟူသော ကာလ ၃ မျိုးအခြေခံ၍ **verb** တို့၏လှုပ်ရှားမှုပုံစံ အမျိုးမျိုးအား ဖော်ပြသည်။

## The Present Tense

***The simple present***- (Walk- ၏ 'simple present ပုံစံ ၃မျိုး'

| | |
|---|---|
| I walk | we walk |
| you walk | you (plural) walk |
| He/she/it walks | they walk |

အထက်ပါ verb ပုံစံများ၌ third person singular အတွက်သာ verb ပုံစံအပြောင်းရှိသည်ကို တွေ့ရသည်။ တခြားသော simple present ပုံစံများမှာ

koalas <u>live</u> in three - ကိုအားလားတွေက သစ်ပင်ပေါ်မှာ
**present** နေကြတယ်။

I don't <u>trust</u> politicans - ကျွန်တော် နိုင်ငံရေးသမားတွေကို
**present** မယုံကြည်ဘူး။

***The present progressive***- ၎င်းအား **"present continuous"** အဖြစ် လူသိများသည်။

mgyoe.com

present continuous (သို့) present progressive သည် **verb to be** (အကူကြိယာ) နောက်မှ $V_{ing}$ ကိုက်ပေးရသည့် ပုံစံဖြစ်သည်။

present progressive အတွက် **verb to be** သည် am/is/are ဖြစ်ပြီး past progressive အတွက်မူ was/were ဖြစ်သည်။

**present progressive** ပုံစံ–

| **singular** | **plural** |
|---|---|
| **I am** walking | **We are** walking |
| ကျွန်တော် လမ်းလျှောက်နေတယ်။ | ကျွန်ုပ်တို့ လမ်းလျှောက်နေတယ်။ |
| **You are** walking | **You are** walking |
| သင် လမ်းလျှောက်နေတယ်။ | သင် လမ်းလျှောက်နေတယ်။ |
| **He/She/** it **is** walking | **They** are walking |
| သူ/ သူမ/ ထိုဟာ လမ်းလျှောက်နေတယ်။ | သူတို့ လမ်းလျှောက်နေတယ်။ |

present progressive သည် လက်ရှိ–လောလောဆယ်အချိန် ပြုမူဆောင်ရွက်ခြင်းအား ဖော်ပြပြီး ပုံမှန်(သို့) အမြဲတမ်းပြုမူလုပ်ရှားသည်ဟု မဆိုလိုပါ။



mgyoe.com

mgyoe.com

ဥပမာ– 'Sally **is sitting** at her desk'; It **is raining.**

ဆယ်လီက သူမရဲ့စားပွဲမှာ ထိုင်နေတယ်။ မိုးရွာနေတယ်။

အထက်ပါဝါကျများအတွက် ဆယ်လီသည် ယခု– လောလော ဆယ်အချိန်တွင်သာ စားပွဲ၌ ထိုင်နေခြင်းဖြစ်ပြီး ပုံမှန်ထိုင်သည် (သို့) အမြဲတစေ ထိုင်သည်ဟု အဓိပ္ပာယ်မထွက်ပါ။

အလားတူ It is raining သည် လတ်တလော မိုးရွာနေခြင်းသာ ဖော်ပြပြီး အမြဲရွာနေသည်ဟု မရည်ညွှန်းပါ။

present progress သည် တစ်ခါတစ်ရံ အနာဂတ်ကာလများ အား ရည်ညွှန်းသည်။

ဥပမာ–

**I am going** there **tommorrow.**

ကျွန်တော် မနက်ဖြန် ဟိုကိုသွားမယ်။

We **are flying** to Sapin **next** month.

ကျွန်တော်တို့ နောက်လမှာ လေယာဉ်နဲ့ စပိန်ကို သွားမယ်။

အထက်ပါဝါကျတွင် **'tommorrow'** နှင့် **'next'** တို့သည် အနာဂတ် **(future)** ကိုယ်စားပြု အညွှန်းစကားလုံးများ ဖြစ်ကြသည်။

## *The present perfect*

အဆိုပါ verb ပုံစံတွင် **verb to have (has/have)** နှင့် **main verb** အတိတ်ပုံစံတို့လိုအပ်တယ်။

**verb to have** သည် **singular** ပုံစံအတွက် **has** ဖြစ်ပြီး **plural** ပုံစံအတွက် **have** ကို သုံးရသည်။

**verb to have (has/have)** ၏နောက်မှ အတိတ်ပုံစံ verb ကပ်လျက် လိုက်ပေးရသည်။

ဥပမာဝါကျများ–

| | |
|---|---|
| **I have walked** | We **have walked** |
| **verb to have** အတိတ်ပုံစံ | **verb to have** အတိတ်ပုံစံ |
| You have walked | You have walked |

mgyoe.com

mgyoe.com

He/She it has walked They have walked

ပစ္စုပ္ပန်ကာလအတွင်း ကိစ္စရပ်တစ်ခု/ အဖြစ်အပျက်တစ်ခု ပြီးမြောက်သွားခြင်းကို 'present perfect' ဖြင့်ဖော်ပြရသည်။

အထက်ပါဝါကျအား **I have walked there last** monday ဟူ၍မရေးရ။ (Last သည် pasttense အညွှန်းဖြစ်သောကြောင့် **present perfect** နှင့် မရေးရပါ။)

အကယ်၍ present prefect ပုံစံဖြင့်ရေးလိုပါက–

"I **have never walked** there - ကျွန်တော် အဲဒီကို တစ်ခါမှ လမ်းမလျှောက်ဖူးဘူး။ (ကျွန်တော် ဟိုကို ဘယ်တုန်းကမှ လမ်းမလျှောက်ဖူးဘူး)

**'never'** သည် **perfect** အညွှန်းပုံစံဖြစ်သည်။

ထို့အတူ I have walked there once - ကျွန်တော် ဟိုကို တစ်ကြိမ်တော့ လမ်းလျှောက်သွားခဲ့တယ်။

**'once'** သည် **perfect** အညွှန်းပုံစံဖြစ်သည်။

present perfect သည် အတိတ်ကာလတစ်ခု၌ ဖြစ်ပျက် လှုပ်ရှားမှုများအား ရည်ညွှန်းနေသော်လည်း **persent tense** မတိုင်မီ ကပ်လျက်ကာလအတွင်း ဖြစ်ပျက်–ပြုမူ–လှုပ်ရှားခြင်းကြောင့် **'present'** ပုံစံအဖြစ် မှတ်ယူရမည်ဖြစ်သည်။

| **past** | **present perfect** | **present** | **future** |
|---|---|---|---|
| အတိတ် | | ပစ္စုပ္ပန် | အနာဂတ် |

present ၏ ရှေ့ကပ်လျက် ကာလတွင်ရှိနေခြင်းကြောင့်
present perfect tense အဖြစ် သတ်မှတ်နိုင်သလို
past tense ၏ ရှေ့ကပ်လျက် ကာလတွင်ရှိနေပါက
past perfect tense အဖြစ် သတ်မှတ်နိုင်မည်ဖြစ်သည်။
ထို့ကြောင့် **present** မတိုင်မီတွင် **present perfect**
**past** မတိုင်မီတွင် **past perfect** ရှိသည်ဟု

အလွယ်တကူ မှတ်ယူနိုင်ပါသည်။

mgyoe.com

mgyoe.com

***The present perfect progressive***

The present perfect continuous အဖြစ် လူသိများသည်။ တစ်နည်းအားဖြင့် perfect နှင့် progressive ပေါင်းထားသော verb ပုံစံတစ်မျိုးဖြစ်သည်။ အတိတ်တစ်ချိန်က စခဲ့ပြီး ဆက်လက်လုပ်ဆောင်နေသည့်သဘောကိုပြသော verb ပုံစံတစ်မျိုးဖြစ်သည်။

**I have been walking,**

**present prefect progressive**

(continuous)

I have been walking for hours and have still not reached the mountain.

ကျွန်တော် လမ်းလျှောက်လာတာ နာရီပေါင်းအတော်ကြာနေပြီး ခုထိ တောင်ကို မရောက်သေးဘူး။

အထက်ပါဝါကျသည် အတိတ်အချိန်ကစ၍ လမ်းလျှောက်ခဲ့ပြီ ခုထိ ဆက်လက်လမ်းလျှောက်နေသေးသည့် အဓိပ္ပာယ်ကိုဖော်ပြသည်။

## The Past Tense

***Simple Past Tense-***

| | |
|---|---|
| I walked | We walked |
| You walked | You walked |
| He/She/it walked | They walked |

'Past tense' အား အတိတ်ကာလ၏ တိကျသောအချိန်တစ်ခုဖြင့် တည်ဆောက်ရသည်။

I <u>walked</u> <u>there</u> <u>this morning</u> - ကျွန်တော် ဒီမနက် ဟိုကို လမ်းလျှောက်ခဲ့တယ်။

past နေရာပြပုဒ် ဒီနေ့နံနက် (တိကျသောအချိန်)

mgyoe.com

mgyoe.com


### *The Past Progressive*

Past continuous အဖြစ် လူသိများသည်။

၎င်း verb တည်ဆောက်ပုံသည် present progress ပုံစံအတိုင်း **verb to be** (အကူကြိယာ) နောက်မှ **Ving** လိုက်ပေးရသည့်ပုံစံဖြစ်သည်။

ဥပမာ–

| | |
|---|---|
| I was walking | We were walking |
| You were walking | You were walking |
| He/she/it was walking | They were walking |

**Past progressive** အား အတိတ်ကာလအတွင်း ဖြစ်ပျက်သည့် ရှည်ကြာသော ပြုမူဆောင်ရွက်ချက်နှင့် တိုတောင်းသောအဖြစ်အပျက်ကို ဖော်ပြသည့် **past tense** နှင့် တွဲဖက်ရေးသားနိုင်သည်။



mgyoe.com

mgyoe.com

I **was walking** home **when** I **remembered** my appointment
(was walking: past progressive; when: သောအခါ; remembered: simple past)

appointment - ကျွန်တော့်ရဲ့ ချိန်းဆိုချက်ကို သတိရလိုက်တဲ့အချိန်မှာ ကျွန်တော် အိမ်ကို လမ်းလျှောက်ပြန်လာခဲ့တယ်။

was walking - ရှည်လျားသော ပြုမှုဆောင်ရွက်ချက်

remembered - တိုတောင်းသောအဖြစ်အပျက်

အလားတူ–

I was walking to the park when it started to rain.

မိုးစရွာတဲ့အချိန်မှာ ကျွန်တော် ပန်းခြံကို လမ်းလျှောက်သွားခဲ့တယ်။

was walking - ရှည်လျားသောအဖြစ်အပျက်

started - တိုတောင်းသောအဖြစ်အပျက်

***The Past Perfect*** - present perfect နှင့် တည်ဆောက်ပုံဆင်တူသည်။ ကာလသာ ကွာခြားသည်။

**'Verb to have'** အတိတ်ပုံစံနှင့် **main verb** အတိတ်ပုံစံတို့ လိုအပ်သည်။

ဥပမာ–

I **had** **walked** - ကျွန်တော် လမ်းလျှောက်ခဲ့ပြီးပြီ။
(had: verb to have အတိတ်ပုံစံ; walked: main verb)

**(Past tense** မတိုင်မီ ရှေ့၌ကပ်လျက်ရှိသော **Past perfect)**

I **had walked** there once, but **found** it too far.
(had walked: Past perfect; found: past)

ကျွန်တော် အဲဒီကို (ဟိုကို) တစ်ကြိမ်တော့ လမ်းလျှောက်ခဲ့ပြီးပြီ။ ဒါပေမဲ့ တော်တော်ဝေးတယ်။

mgyoe.com

mgyoe.com

***The Past Perfect Progressive-***

Past Perfect continuous ဟူ၍လည်း သတ်မှတ်နိုင်သည်။

Present perfect progressive နှင့် တည်ဆောက်ပုံ ဆင်တူပြီး ကာလသာ ကွာခြားမှုရှိသည်။

ဥပမာ–

I **had** **been** **walking** for hours and **still** had not reached the mountain **when** it began to rain.

(had been — past prefect; walking — progressive; still — တိုင်အောင်; when — ...တဲ့အခါ / ...သောအခါ)

ကျွန်တော် လမ်းလျှောက်လာခဲ့တာ နာရီပေါင်းအတော်ကြာနေပြီ။ မိုးစရွာလာတာတောင် 'တောင်' ကို မရောက်သေးဘူး။



mgyoe.com

## Irregular verb

(ပုံမှန်မဟုတ်သော၊ ထူးခြားသော verb များ)

ထူးခြားသော verbs များအား 'Tense' အလိုက် အောက်ပါအတိုင်း တွေ့ရှိရသည်။

*Simple Present and Past Tense*

| | |
|---|---|
| **I am / was** | **I go/went** |
| **You are/were** | **You go/went** |
| **He/she/it is/Was** | **He/she/it goes/went** |
| **We are/ were** | **We go/ went** |
| **You are/were** | **You go/ went** |
| **They are/were** | **They go/ went** |

*Present and Past Progressive*

**I am going/ I was going**

*The present Perfect*

**I had been/I had gone**

*The Past Perfect*

**The had been/I had gone**

*The Past Perfect Progressive*

**I had been being/ I had been going**

> ဖော်ပြပါဝါကျများတွင် 'ဖြစ်သည်'–'ရှိသည်' ဟူသော အခြေအနေပြ '$V_{be}$' ၏ထူးခြားသော verb ပုံစံနှင့် လှုပ်ရှားသွားလာမှု ရည်ညွှန်းသော verb(go) တို့၏ ထူးခြားစွာ ပြောင်းလဲသွားပုံတို့ကို တွေ့ရှိရသည်။

## Participle

Present Participles အတွက် Walking, being, going past participles အတွက် walked, been, gone တို့အား နမူနာအဖြစ် ဖော်ပြပါသည်။

mgyoe.com

mgyoe.com


အကူကြိယာ **'$V_{be}$'** အား **Perfect Tense** ပုံစံဖြစ်အောင် ဖွဲ့စည်းတည်ဆောက်ပြီး **Participles (Present Participle** (သို့) **Past Participle)** တစ်ခုခုဖြင့် ပေါင်းစပ်ပေးနိုင်သည်။

**Present Participle** အား **verb** ၏ လှုပ်ရှားဆောင်ရွက်မှု ပေါ်လွင်စေရန် ဖော်ပြသော **'noun'** အဖြစ် အသုံးပြုပေးနိုင်သည်။

ဥပမာ–

<u>Walking</u> is good for you – လမ်းလျှောက်ခြင်းက သင့်အတွက် ကောင်းပါတယ်။
present participle

→ Noun အဖြစ် အသုံးပြုထားသည်။

**Present Participle** အား **Verb** ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း အသုံးပြုနိုင်သည်။

She was **Walking** down the street.

သူမ လမ်းအတိုင်း အောက်ဘက်ကို လျှောက်သွားခဲ့သည်။

Present Participle အား Adjective အဖြစ်လည်း အသုံးပြုနိုင်သည်။

**<u>The Walking</u>** man disappeared round the corner.
adj (လမ်းလျှောက်နေသော)

လမ်းလျှောက်နေသောသူဟာ လမ်းထောင့်ချိုးတစ်ဝိုက်မှာ ပျောက်ကွယ်ခြင်းဖြင့် **'Adj'** ကိုရရှိသည်။

**Past Participle** အား **Passive voice** ဖွဲ့စည်းတည်ဆောက်ရာတွင် အသုံးပြုသည်။

The burglar **was walked** to the police station.

ဖောက်ထွင်းသူခိုးဟာ ရဲစခန်းသို့ လမ်းလျှောက်ခေါ်ဆောင်သွားခြင်း ခံခဲ့ရတယ်။

**<u>Was Walked</u>** – လမ်းလျှောက်ခေါ်ဆောင်ခြင်းခံရသည်။
(Passive Voice)

mgyoe.com

mgyoe.com

Past Participle အား Adj: အဖြစ်သုံးပါက–

That is a **well-walked** dog.

(လမ်းကောင်းကောင်းလျှောက်နိုင်သော)

ဒီခွေးက လမ်းကောင်းကောင်းလျှောက်နိုင် တဲ့ (သော) ခွေးပါ။

**Participle နှင့်ပတ်သက်၍ သိကောင်းစရာများ**

verb (sit နှင့် stand) တို့၏ Present Participle နှင့် Past Participle တို့ အသုံးအနှုန်းအား အောက်ပါအတိုင်း လေ့လာစရာ နမူနာ အဖြစ် တွေ့ရှိရသည်။

**Past Participle အသုံးအနှုန်းနှင့်အဓိပ္ပာယ်**

I **was sat** on the bus when it began to snow

↑

sit ၏ past participle

နှင်းတွေစကျတဲ့အချိန် ကျွန်တော် ဘတ်စ်ကားပေါ်မှာ ထိုင်နေ(ခဲ့)ပြီ။

He **was stood** watching the carnival.

↑

stand ၏ past participle

သူဟာ ခရစ်ယာန် 'ဝါဝင်ပွဲ' ကို မတ်တတ်ရပ်ပြီးကြည့်နေခဲ့တယ်။

အထက်ပါ ဝါကျတည်ဆောက်ပုံများသည် 'Passive voice' အဖြစ် အသုံးပြုသောအခါမှသာ မှန်ကန်မှုရှိမည်ဖြစ်သည်။

ဥပမာ – အဓိပ္ပာယ်အရ ပထမဝါကျတွင် တစ်စုံတစ်ဦးက ကျွန်ုပ်အား ဘတ်စ်ကားထိုင်ခုံတွင် ထိုင်လျက်ပုံစံဖြင့် နေရာချပေးသည်ဟု မှတ်ယူရပါမည်။

ဒုတိယဝါကျအဓိပ္ပာယ်အရ ပွဲကြည့်သူအမျိုးသားအား အရုပ် (သို့) ကလေးတစ်ဦးကဲ့သို့ မတ်တတ်ရပ်ပုံစံဖြင့် နေရာချသည်... ဟု အဓိပ္ပာယ်ဖွင့်ရမည်ဖြစ်သည်။

mgyoe.com

**Present Participle** အသုံးအနှုန်းနှင့်အဓိပ္ပာယ်

I was **sitting** in the bus when it began to snow.

နှင်းတွေ စကျလာတဲ့အချိန်မှာ ကျွန်တော်က ဘတ်စ်ကားထဲမှာ ထိုင်နေခဲ့တယ်။

The man was **standing watching** the carnival.

ပွဲကြည့်သူအမျိုးသားဟာ ခရစ်ယာန်ဝါဝင်ပွဲတော်ကို မတ်တတ်ရပ်ပြီး ကြည့်နေခဲ့တယ်။

**sitting/standing - present participle**

ဒုတိယဝါကျပုံစံတွင် -ing နှစ်ခါထပ်နေသည်ကို ရှောင်လွှဲ၍ မရနိုင်ပါ။

## The Future Tenses

(အနာဂတ်ပြ verb ၏ ကာလအပိုင်းအခြား)

Future tenses အား ပုံစံအမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်။

**Present tense** ပုံစံဖြင့်ရေးသားပါက

The train leaves at 11 a.m **tomorrow**.
(leaves = present; tomorrow = future အညွှန်း)

ရထားက မနက်ဖြန်နံနက် ၁၁:၀၀ နာရီမှာ ထွက်မယ်။

**Future Tense** အား **will/shall/going to...** တို့ဖြင့်အသုံးပြုပါက

He **will** give a talk at next week's conference.

နောက်အပတ်ရဲ့ ညီလာခံမှာ သူ စကားပြောလိမ့်မယ်။

I shall go there tommorrow.

ကျွန်တော် မနက်ဖြန် ဟိုကိုသွားမယ်။

[will, shall ... လိမ့်မည်]

We are going to play cards on saturday.

ကျွန်တော်တို့ စနေနေ့မှာ ဖဲကစားကြမယ်။

[going to... တော့မလို့]

mgyoe.com

mgyoe.com

**Future Progressive Tense** ပုံစံဖြင့်ရေးသားပါက

I am going there **next** week.

They are visiting us **in August.**

What are you doing **next** week?

[present progressive ပုံစံနှင့် future အညွှန်းတို့ ပေါင်းစပ်ထားသော ပုံစံဖြစ်သည်။]

**Future Tense** အား **will be/ shall be/ going to be** တို့ဖြင့် ပေါင်းစပ်တည်ဆောက်ပါက–

**I shall be** flying to Australia tomorrow.

မနက်ဖြန်ဆို ကျွန်တော် ဩစတြေးလျကိုသွားဖို့ လေယာဉ်စီးနေလိမ့်မယ်။

I am going to be cleaning the house on saturday.

စနေနေ့မှာ ကျွန်တော် အိမ်ကို ရှင်းလင်းတော့မယ်/ ရှင်းတော့မလို့။

He **will be** going there next week.

နောက်တစ်ပတ်ဆို သူ ဟိုကိုရောက်လိမ့်မယ်။

**Future Tense** အား **Present Perfect** ပုံစံဖြင့် ပေါင်းစပ်တည်ဆောက်ပါက–

On Monday I will have had the dog for three weeks.

တနင်္လာနေ့ဆိုရင် ကျွန်တော့်ဆီမှာ ခွေးရှိတာ ၃ ပတ်တောင်ပြည့်ပြီ။

**Future Tense** အား **Present Perfect Progressive** ပုံစံဖြင့် ပေါင်းစပ်တည်ဆောက်ပါက–

**By the end of next month** they **will have been married** for six years.

နောက်လကုန်မှာ သူတို့ လက်ထပ်(အိမ်ထောင်ကျခဲ့တာ) ၆ နှစ်ကြာခဲ့ပြီ။

**Noun** ကို အထူးပြုသော **'Adj'** နှင့် **'verb'** ကိုအထူးပြုသော **'Adv'** တို့အား ဆက်လက်လေ့လာပါ။

mgyoe.com

mgyoe.com

# Adjectives and Adverbs: Describing Words

## နာမဝိသေသနနှင့် ကြိယာဝိသေသန– စကားလုံးများအား အဓိပ္ပာယ်လေးနက်အောင် ဖွင့်ဆိုခြင်း

## Adjective ဆိုတာ ဘာလဲ - **Noun** အား အထူးပြုသည်

**Adj**: သည် **Noun, Pronoun** တို့နှင့်ပတ်သက်သော အဓိပ္ပာယ် ဖွင့်ဆိုခြင်းဆိုင်ရာ သတင်းအချက်အလက်များအား ပေးလေ့ရှိသည်။

ဥပမာ– အရေအတွက်ပမာဏကို ဖော်ပြသော စကားအသုံးအနှုန်း များဖြစ်သည့် How many (ရေတွက်ရသည့် ဘယ်လောက်များများ) (သို့) How much (ရေတွက်မရသည့် ဘယ်လောက်များများ)... တို့ကို ရည်ညွှန်းသော **'sixteen', 'five hundred, a few ...** တို့မှာ အရေ အတွက်၊ ပမာဏပြနာမဝိသေသနများပင်ဖြစ်သည်။

**Qualitative Adj:**

(အရည်အသွေးဖော်ပြသော နာမဝိသေသနများ)

အရည်အသွေးဖော်ပြသော Adj များတွင် အရောင် (colour)၊ အရွယ် (size), ပုံပန်းသဏ္ဍာန် (appearance)၊ (အရည်အချင်း–အရည် အသွေး)(Attributes)၊ အပြုအမူ (behaviour)... တို့ပါဝင်ကြသည်။

Noun အား အထူးပြုသော Adj: ဥပမာများ–

blue - ပြာသော၊ large - ကြီးမားသော၊ sunny- နေသာသော၊ gloomy- မှုန်မှိုင်းသော၊ kind - ကြင်နာသော၊ bad-tempered- စိတ်ဆိုးသော၊ slow - နှေးကွေးသော။

**Possessive Adj:**

(ပိုင်ဆိုင်မှုကို ဖော်ပြသည့် Adj များ)

My (ကျွန်ုပ်၏)၊ her (သူမ၏)၊ your (သင်၏)၊ their (သူတို့

mgyoe.com

mgyoe.com

၏)... ဖော်ပြပါပိုင်ဆိုင်မှုပြ Adj: များသည် နာမ် (Noun) ရှေ့သုံးအညွှန်း စကားလုံးများ (determiner) များလည်းဖြစ်ကြသည်။

**Demonstrative**

(သရုပ်သကန် ပေါ်လွင်အောင် ဖော်ပြသည့် Adj များ)

this (ဤဟာ)၊ that (ထိုဟာ)၊ these (ဤဟာများ)၊ those (ထိုဟာများ)။

အထက်ပါ Adj များသည် pronouns (နာမ်စား)နှင့် determiner များဖြစ်ကြသည်။

အထက်တွင်ဖော်ပြခဲ့သည့် Adj များသည် ဝါကျတွင် Noun ရှေ့မှ ဦးစွာနေရာယူပြီး Noun အား တိကျပြည့်စုံသော အဆင်တန်ဆာများဖြင့် လှပပြည့်စုံအောင် ဖန်တီးပေးကြသည်။

ဥပမာ–

The <u>tall</u> <u>three</u> – မြင့်မား (ရှည်လျားသော သစ်ပင်)
↓ N
Adj (အရည်အသွေးပြ) (tall- ရှည်လျားသော)

The <u>Yellow</u> <u>ball</u> – အဝါရောင်ဘောလုံး
N
(အရောင်ပြ Adj) (Yellow- အဝါရောင်ရှိသော)

တစ်ခါတစ်ရံ Adj များသည် Noun ၏ ရှေ့ကပ်လျက်တွင် ရှိမနေဘဲ ဝါကျအတွင်း Noun နှင့်ဝေးသောနေရာ၌ ရှိနေတတ်ကြသည်။

(ထိုအခါ Noun ရှေ့တွင်မရှိဘဲ Verb နောက်တွင် ရောက်နေတတ်ကြသည်။)

ဥပမာ–

The tree <u>is</u> <u>tall</u> - သစ်ပင်က (ရှည်လျား) မြင့်မားတယ်။
v Adj

mgyoe.com

mgyoe.com


The ball **is** **Yeallow** - ဘောလုံးက အဝါရောင်ရှိတယ်။
v Adj

တိကျသော ရွေးချယ် သုံးစွဲမှုများ၌ Adj: ကို အသုံးပြုသည်။

Please pass me **the blue book.**

ကျေးဇူးပြုပြီး စာအုပ်အပြာလေး ကျုပ်ဆီ ကမ်းပေးပါ။

(ဖော်ပြပါဝါကျတွင် အနီရောင်–အမည်းရောင်ရှိသော စာအုပ်များအား မရည်ညွှန်းဘဲ သီးခြား(အပြာရောင်စာအုပ်)ကိုသာ တိကျစွာရွေးချယ်ပြောဆိုသည်ဟု မှတ်ယူရပါမည်။

Take the right-hand turn ယာဘက်လက်ကိုလှန်ပြီးယူလိုက်


Exam candidates have **two** hours in which to complete this paper.
အရေအတွက်ပြ Adj

စာမေးပွဲဖြေဆိုသူတွေဟာ ဒီအဖြေလွှာပြည့်စုံအောင် ပြီးပြတ်ဖြေဆိုဖို့ အတွက် အချိန် ၂ နာရီစီရှိကြတယ်။

အကူကြိယာနောက်မှလိုက်သော Adj: များ

- The dog **was** **savage** - ခွေးက ရိုင်းစိုင်းကြမ်းကြုတ်တယ်။
Adj:

- It was a **glorious** day - သာယာလှပတဲ့နေ့တစ်နေ့ ဖြစ်ခဲ့တယ်။
Adj



mgyoe.com

mgyoe.com

## Simile and Metaphor
## ဥပမာ နှင့် တင်စားခြင်း

လုံးဝကွဲပြားခြားနားနေသော စကားအဓိပ္ပာယ်များအား သိုင်းဝန်းပေါင်းစပ်ခြင်း (သို့) တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ခြင်းတို့အတွက် *simile* နှင့် *metaphor* ကို အသုံးပြုသည်။ ဥပမာ-

*a good book is a **constant*** friend.

စာအုပ်ကောင်းတစ်အုပ်သည် သစ္စာတည်သော မိတ်ဆွေကောင်းတစ်ဦးပင်ဖြစ်သည်။

အထက်ပါဝါကျတွင် စာအုပ်ကောင်းတစ်အုပ်အား သစ္စာတည်သော မိတ်ဆွေနှင့် တင်စားသုံးနှုန်းထားသောကြောင့် ***Metaphor*** ဖြစ်ကြောင်း ထင်ရှားသည်။

*ralations were starting to thaw.*

ဆွေမျိုးတွေက အေးစက်စက်ဖြစ်နေရာက နွေးထွေးဖော်ရွေလာကြတယ်။

အဆိုပါဝါကျတွင် ဆွေမျိုးများအား ရေခဲ (အေးစက်စက်ဖြင့် နှိုင်းယှဉ်တင်စားထားသောကြောင့် ***Metaphor*** ဟု မှတ်ယူနိုင်ပါသည်။

***Simile*** ပါသောဝါကျများအား ရေးသားရာ၌ အမြဲတစေ ***Like, as*** တို့ကို အသုံးပြုရသည်။ အောက်ပါ ဥပမာဝါကျများအား လေ့လာပါ။

*Jim danced to the music **like*** a wave on the sea.

ဂျင်မ်ဟာ ဂီတသီချင်းသံအတိုင်း ပင်လယ်ထဲက လှိုင်းလို (တွန့်ပြီး) ကနေခဲ့သည်။

*Under her wig, Irene was **as** bald **as*** billiard ball.

(မစ္စ) *Irene* ရဲ့ ဘီလီယက်ဘောလုံးလို ပြောင်နေတဲ့ ဦးခေါင်းဟာ သူမရဲ့ဆံပင်တုအောက်မှာ ရှိနေပါတယ်။

mgyoe.com

mgyoe.com

အစားအသောက်နှင့်သက်ဆိုင်သော Adj: များ

Scrumptious - ချိုမြိန်ဖွယ်ကောင်းသော
Comforting - နှစ်သက်ဖွယ်ဖြစ်သော
Delicious - အရသာရှိသော
Nutritious - အာဟာရဖြစ်သော
Processed - ပြုလုပ်ဆဲဖြစ်သော
Fresh - လတ်ဆတ်သော
Sour - ချဉ်သော
Hot - ပူသော
Heavy - လေးလံသော
Indigestible - အစာမကြေနိုင်သော
Inedible - စားမရသော
Compelling - မလွဲမရှောင်သာသော
Unreadable - ဖတ်၍မရသော
Derivative - မူရင်းမဟုတ်သော/ ခိုးယူ–ကူးချသော
Boring - ပျင်းစရာကောင်းသော
Thrilling - သည်းထိတ်ရင်ဖိုဖြစ်သော

Comparative Adj: (ပိုကောင်းခြင်း (သို့) ပိုဆိုးခြင်းကို နှိုင်းယှဉ်ဖော်ပြ (နှိုင်းယှဉ်ခြင်းပြုရာမဝိသေသန) သော Adj)

Comparative Adj: အားဖော်ပြရာ၌ Adj: နောက်မှ (အများအားဖြင့် '-er' ပေါင်းပေးရသည်။

အကယ်၍ Adj သည် 'e' နှင့်အဆုံးသတ်ပါက '-r' ပေါင်းပေးရသည်။ ဥပမာ–

Ben is **taller than** Bill.
'er'ပေါင်းသောပုံစံ
Ben က Bill ထက် အရပ်ပိုရှည်တယ်။

mgyoe.com

The Mississippi is <u>wider</u> then the Seine.

'e'နှင့်ဆုံးသောကြောင့် 'r' ပေါင်းသောပုံစံ

မစ္စစ္စပီမြစ်က သိမ်းမြစ်ထက် ပိုပြီးကျယ်တယ်။

အကယ်၍ Adj သည် 'Far' ဖြစ်ပါက နှိုင်းယှဉ် Adj ပုံစံအတွက် 'Farther' (or) 'Further' အား အသုံးပြုနိုင်ပါသည်။

အဲလားတူ–

Fat / Fatter

Wet/ Wetter ဟူသော နှိုင်းယှဉ် Adj စကားလုံးများအား တွေ့ရှိရပါမည်။

အကယ်၍ Adj သည် 'y' နှင့် အဆုံးသတ်နေပါက

ဥပမာ–

happy, Ugly ဖြစ်နေပါက **'y'** ကို **'i'** ပြောင်းပြီး **'er'** ပေါင်းပေးရမည် ဖြစ်သည်။ ထိုအခါ

happy - happier

Ugly - Uglier ဟူ၍ဖြစ်လာပါမည်။

အကယ်၍ ရှည်လျားသော Adj များဖြစ်ပါက ၎င်း Adj ရှေ့၌ **'more'** ပေါင်းပေးရမည်ဖြစ်သည်။ ဥပမာ – 'more boring'...

ခြွင်းချက်အနေဖြင့် **good, bad** တို့အား နှိုင်းယှဉ် Adj ပုံစံရေးရာ၌

good - better bad - worse

ကောင်းသော – ပို၍ကောင်းသော ဆိုးသော – ပို၍ဆိုးသော... ဟူ၍ ရေးနိုင်ပါမည်။

Comparative Adj ၏ နောက်မှ အမြဲတစေ than (...ထက်) လိုက်၍နှိုင်းယှဉ်သော ဝါကျပုံစံ တည်ဆောက်ပေးရသည်။

Your dog is **uglier than** mine.

သင့်ခွေးက ကျွန်တော့်ခွေးထက် ပိုပြီးရုပ်ဆိုးတယ်။

mgyoe.com

mgyoe.com


နှိုင်းယှဉ်သော နောက်ထပ်ပုံစံတစ်ခုမှာ–

**Bill is tall, but Ben is taller.**

ဘီက အရပ်ရှည်တယ်။ ဒါပေမဲ့ ဘန်က ပိုပြီး အရပ်ရှည်တယ်။

လူနှစ်ဦးအားနှိုင်းယှဉ်ရာ၌ အမြဲတစေ comparative ပုံစံကို အသုံးပြုရသည်။ Bill and Ben are brothers - Bill is the older brother. Bill နဲ့ Ben တို့က ညီအစ်ကိုတွေဖြစ်တယ်။ Bill ကတော့ အစ်ကို(အကြီး)ပါ။ (သို့)

Bill is the elder. (Bill က အကြီးပါ) ဟု ရေးနိုင်ပါသည်။ သို့သော်လည်း 'oldest'/'eldest' ဟူ၍လုံးဝသုံးစွဲ ရေးသား၍မရနိုင်ပါ။

တစ်ဖန် – Bill is elder than Ben... ဟူ၍လည်း မသုံးရပါ။

အကယ်၍ 'Bill' နှင့် 'Ben' နှစ်ဦးတည်းသာမကဘဲ ၎င်းတို့တွင် Bill ထက်ငယ်သော ညီမငယ်တစ်ဦးပါ ရှိသည်ဆိုပါက (မောင်နှမသုံးဦး ဖြစ်သွားခြင်းကြောင့်) Bill က ကလေးသုံးဦးအနက် အကြီးဆုံး 'oldest' အဖြစ် သုံးနှုန်းနိုင်ပါသည်။ အလားတူ–

of those two essays, yours is the **worse.**

လူနှစ်ဦးရေးတဲ့ အက်ဆေးနှစ်ပုဒ်မှာ သင့်ဟာက ပိုညံ့တယ်။

of those three essays, yours is **the worst.**

လူသုံးဦးရေးတဲ့ အက်ဆေးသုံးပုဒ်မှာ သင့်ဟာ အညံ့ဆုံးပဲ။

လူနှစ်ဦးရဲ့ အရည်အချင်းကိုနှိုင်းယှဉ်ရင်

နှစ်ဦးဖြစ်ပါက – တစ်ဦးက တစ်ဦးထက် ပိုကောင်း/ပိုဆိုး

သုံးဦးဖြစ်ပါက – တစ်ဦးက ကျန်နှစ်ဦးထက် အကောင်းဆုံး/အဆိုးဆုံး... ဟူ၍ အလွယ်မှတ်ယူနိုင်ပါသည်။

mgyoe.com

mgyoe.com

# Superlative Adjectives: The Best, the worst and the ugliest

အမြင့်ဆုံးအခြေအနေပြနာမဝိသေသန

(အကောင်းဆုံး အဆိုးဆုံး ရုပ်အဆိုးဆုံး)

[၂ ဦး (သို့) ၂-၃ ထက်ပိုသော (သို့) ၃ ဦး ၃ ခုအနက် အမြဟ်ဆုံး (သို့) အညံ့ဆုံးကို ဖော်ပြသော Adj ပုံစံဖြစ်သည်။]

Superlative Adj ပုံစံအတွက် **Adj** နောက်မှ – **'est'** (သို့) **'st'** ပေါင်းထည့်ပေးရသည်။

ဥပမာ –

Ben is the <u>tallest</u> of the three
superlative

Ben က ၃ ယောက်ထဲမှာ အရပ်အရှည်ဆုံးပဲ။

The Amazon is the **<u>widest</u>** river in the world.
superlative

အမေဇုန်မြစ်ဟာ ကမ္ဘာပေါ်မှာ အကျယ်ဆုံးမြစ်ဖြစ်သည်။

Good နှင့် Bad တို့အတွက် superlative Adj: မှာ

Good - **<u>Best</u>** (အကောင်းဆုံး) Bad - **<u>worst</u>** (အဆိုးဆုံး)

**Less** ဟူသော Adj အတွက် **superlative** မှာ – **Least** (အနည်းဆုံး)

ရှည်လျားသော Adj များအတွက် 'more' နေရာ၌ 'most' ကို အစားထိုးသုံးစွဲပေးရသည်။

Article **'the'** အား **superlative Adj** ရှေ့တွင် အမြဲတစေ ထည့်ပေးရသည်။

It is **<u>the</u>** **<u>wettest</u>** place on earch.
superlative

ဒီနေရာဟာ ကမ္ဘာမြေပေါ်မှာ အစိုရှဲဆုံးနေရာဖြစ်တယ်။

He chose to go to **the furthest** country he could find.

mgyoe.com